# Economic Impact Payment (Stimulus Check) အချက်အလက်များ

COVID-19 ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို တုံ့ပြန်သည့်အနေဖြင့် ဗဟိုအစိုးရ(federal government)သည် အစိုးရထောက်ပံ့ငွေ(Economic Impact Payment)၊ သို့မဟုတ် (stimulus checks) ကို တစ်နှစ်စာသတ်မှတ်ထားသည့် ဝင်ငွေမအောက်ရရှိသူများ ကူညီရန် ထုတ်ပြန်ထားပါသည်။ ထိုထောက်ပံ့ကြေးကို လူတစ်ယောက်လျှင် ဒေါ်လာ ၁,၂၀၀ စီရရှိပြီး၊ သို့မဟုတ် အခွန်အတူတူဆောင်ထားသော အိမ်ထောင်သည် စုံတွဲများက စုံတွဲတစ်တွဲလျှင် ဒေါ်လာ ၂,၄၀၀ စီ ရရှိမည်ဖြစ်သည်။ ထို့အပြင် ကလေးရှိအိမ်ထောင်သည်များက ကလေးငယ်တစ်ဦးလျှင် ဒေါ်လာ ၅၀၀ ထပ်မံရရှိခွင့်ရှိသည်။ ပထမဆုံးထောက်ပံ့ငွေကို ဧပြီလ ၁၃ ရက် တွင် ဖြန့်ဝေလိုက်ပြီဖြစ်သည်။ ထိုပထမအသုတ်တွင် ထောက်ပံ့ငွေရရှိသူများမှာ IRS သို့ အခွန်ဆောင်စဉ်တွင် တိုက်ရိုက်ငွေသွင်းရန် (direct-deposit) ဖြင့်တောင်းဆိုသူများ၊ ဝင်ငွေနည်းသူများ၊ သို့မဟုတ် လူမှုဖူလုံရေး (social security beneficiaries) ရရှိခံစားသူများဖြစ်ပါသည်။ သင့် ထောက်ပံ့ငွေကိုလက်ခံရရှိရန် ရက်သတ္တပတ်အနည်းငယ်၊ သို့မဟုတ် လအနည်းငယ်ကြာနိုင်ပါသည်။

## ဤထောက်ပံ့ကြေး (Economic Impact Payment) ကို ဘယ်သူတွေရကြမည်နည်း။

အမေရိကန် နိုင်ငံသားများနှင့် ရွှေ့ပြောင်းနေထိုင် (aliens) များဖြစ်သည့်...

- မှန်ကန်သည့် (social security number) နံပါတ် ပိုင်ဆိုင်သူများ
- အသက်ပြည့်ပြီးသားသူ၊ အခွန်ပေးဆောင်သူတစ်ယောက်ယောက်က မှီခိုသူအဖြစ် မထားရှိသောသူများနှင့်
- တစ်နှစ်စာဝင်ငွေ သတ်မှတ်ချက်အောက် ရှိရသူများ။ (လူကြီးတစ်ယောက်တွင် တစ်နှစ်စာဝင်ငွေ ဒေါ်လာ ၇၅,၀၀၀အောက်ရရှိသူ၊ အိမ်ထောင်ဦးစီးတစ်ယောက်အတွက် တစ်နှစ်စာဝင်ငွေ ဒေါ်လာ ၁၁၂,၅၀၀ အောက်ရရှိသူ နှင့် အခွန်အတူတူဆောင်ထားသော အိမ်ထောင်သည် စုံတွဲများက စုံတွဲတစ်တွဲ ကတဟ်နှစ်စာ ဝင်ငွေပေါင်း ဒေါ်လာ ၁၅၀,၀၀၀ အောက်ရရှိသူများဖြစ်ပြီး လူကြီးတစ်ယောက်လျှင် ဒေါ်လာ ၁,၂၀၀ နှင့် စုံတွဲတစ်တွဲလျှင် ဒေါ်လာ ၂,၄၀၀ စီ အပြည့်အဝ ရရှိခံစားရမည်ဖြစ်သည်။ ထို့အပြင်၊ ကလေးရှိသော အိမ်ထောင်သည်များက ကလေးတစ်ယောက်လျှင် ဒေါ်လာ ၅၀၀ အပိုရရှိနိုင်ပါသည်။)

## အောက်ပါအချက်အလက်များနှင့် ကိုက်ညီသည့် အမေရိကန်နိုင်ငံတွင် အခွန်ပေးဆောင်သူ အများစုသည် အစိုးရထောက်ပံ့ငွေ Economic Impact Payment ကို အလိုအလျောက် ရရှိမည်ဖြစ်ပါသည်။

- ၂၀၁၈၊ သို့မဟုတ် ၂၀၁၉ အတွက် ဗဟိုအခွန် (federal income tax) ပေးဆောင်သူအယောက်ချင်းစီ များ (direct deposit နှင့်ဖြစ်ဖြစ် paper check နှင့်ဖြစ်ဖြစ်)

- (Social security ပင်စင်ရရှိသူ)၊ (မုဆိုးမ/ဖို၊ မိဘမဲ့ကလေး survivors များ)၊ (မသန်မစွမ်းမှုကြောင့် Social Security Disability Insurance benefits) ခံစားရရှိသူများနှင့်
- Railroad Retirement benefits ခံစားခွင့်ရှိသူများ ရရှိမည်ဖြစ်သည်။

**အချို့သောသူများသည် သူတို့၏ ထောက်ပံ့ငွေကိုလက်ခံရန် စာရင်းသွင်း (register) လုပ်ရန် လိုအပ်ပါသည်။ စာရင်းသွင်းရမည့်သူများမှာ-**

အမေရိကန်နိုင်ငံသားများ၊ သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ရရှိသူများ (permanent residents) ဖြစ်သည့်…

- ၂၀၁၉ အတွက် တစ်ဦးချင်း တစ်နှစ်စာဝင်ငွေ ဒေါ်လာ ၁၂,၂၀၀ အောက်ရရှိသူများ (အိမ်ထောင်သည် နှစ်ယောက်ပေါင်း တစ်နှစ်စာဝင်ငွေ ဒေါ်လာ ၁၄,၄၀၀ အောက်ရရှိသူများ)
- ၂၀၁၉ ခုနှစ်အတွက် ဗဟိုအခွန် (federal income tax) လျှောက်ရန်မလိုအပ်သူများ နှင့် လျှောက်ရန် အစီအစဉ်မရှိသူများ ဖြစ်သည်။

အကယ်၍ သင်သည် သင့် check ကို လက်ခံရရှိရန် စာရင်းသွင်း (register) လုပ်ရန် လိုအပ်ပါက IRS သို့ လိုအပ်သော သတင်းအချက်အလက်များကို သူတို့၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် အခမဲ့ အလွယ်တကူပေးပို့နိုင်သည်။ ဤအချက်အလက်သည် သင်၏ ရထိုက်ခွင့်ရှိ/မရှိနှင့် ငွေပမာဏကို ဆုံးဖြတ်ရန် အသုံးပြုမည်ဖြစ်ပါသည်။ ဤသတင်း အချက်အလက်များ ပေးပို့ကြီးနောက် မိမိအနေဖြင့် နောက်ထက်ဘာမှလုပ်ရန်မလိုအပ်ပါ။ Register လုပ်ရန် ဝက်ဘ်ဆိုက်မှာ https://www.irs.gov/coronavirus/non-filers-enter-payment-info-here

မိမိလုံခြုံရေးအတွက် IRS သည် ထောက်ပံ့ငွေဖြန့်ဝေပြီးနောက် ၁၅ ရက်အတွင်းတွင် အခွန်ပေးဆောင်သူအယောက်ချင်းစီတိုင်းသို့ သူတို့နောက်ဆုံးရရှိထားသည့် အိမ်လိပ်စာအတိုင်း economic impact payment ကြောင်းကို စာဖြင့် ပို့ရန် အစီအစဉ်ရှိပါသည်။ ထိုစာထဲတွင် မည်သို့မည်ပုံ သင့်ထောက်ပံ့ငွေပေးပို့ကြောင်းနှင့် အကယ်၍ထောက်ပံ့ငွေမရရှိပါက ဘယ်လိုသတင်းပေးပို့ရမည်ကို ရေးသားထားမည်ဖြစ်ပါသည်။ အကယ်၍ ရရှိလာသောစာကို တရားဝင်ဟုတ်၊မဟုတ် သံသယရှိပါက IRS ၏ ဝက်ဘ်ဆိုက် IRS.gov သို့ ဝင်၍ အလိမ်မခံရအောင် မိမိကိုယ်ကို အရင်စုံစမ်းရန် တိုက်တွန်းပါသည်။

ဤ economic impact payment ကိုအကြောင်းပြုပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များ နှင့် ငွေကြေးခိုးယူလိုသည့် မုသာသမားသူများ၏ လိမ်လည်မှုမှ သတိထားကြရန် IRS ကတိုက်တွန်းနှိုးဆော် ထားပါသည်။ ထို့အပြင် IRS သည် သင့်ကို ဖုန်းခေါ် ခြင်း၊ text ပို့ခြင်း၊ အီးမေးလ်ပို့ခြင်း၊ သို့မဟုတ် ဆိုရှယ်မီဒီယာများ အသုံးပြု၍ သင့် ကိုယ်ရေးကိုယ်တာ အကြောင်းနှင့် ဘဏ်အကောင့် များ၊ ဤထောက်ပံ့ငွေနှင့် ပတ်သတ်ပြီး မေးမြန်းစုံစမ်းခြင်းများ ပြုလုပ်မည် မဟုတ်ကြောင်း မှတ်ထားစေလိုပါသည်။ Economic impact payment သို့မဟုတ် ပြန်အမ်းငွေများနှင့်

ပတ်သက်၍ သတင်းအထူးအချက်အလက်များရှိသည်ဟုဆိုသည် ပူးတွဲစာ (attachments)၊ သို့မဟုတ် လင့်ခ် (links) များပါသည့် အီးမေးလ်များကိုလည်း သတိထားရန်နှိုးဆော်ထားပါသည်။

အကယ်၍ ဤထောက်ပံ့ငွေနှင့်ပတ်သတ်ကြီး မေးမြန်းလိုပါက၊ သို့မဟုတ် စာရင်းသွင်း (register) လုပ်ရန် အကူအညီလိုပါက Burma Center ၏ မြန်မာဖုန်းလိုင်း ၂၆၉-၃၀၁-၀၆၅၅ သို့ တနင်္လာနေ့မှ သောကြာနေ့အထိ၊ မနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်သွယ်နိုင်ပါသည်။

အသေးစိပ်သိလိုပါကအောက်ပါ Link များငို နှိပ်ပါ-

[https://www.irs.gov/coronavirus/economic-impact-payments](https://www.irs.gov/coronavirus/economic-impact-payments)
[https://www.irs.gov/coronavirus/economic-impact-payment-information-center](https://www.irs.gov/coronavirus/economic-impact-payment-information-center)